# လူ့ထုအဖွဲ့အစည်းနှင့် အမျိုးသားနိုင်ငံ

## မာတိကာ

**အခန်း ၁– လူ့ထုအဖွဲ့အစည်းအား အဓိပ္ပါယ်ဖွင့်ဆိုခြင်း**

| | |
|---|---|
| လူထုအဖွဲ့အစည်းဝင်တစ်ဦးဖြစ်ရန်ဆိုသည်မှာအဓိပ္ပါယ်မည်သို့နည်း | ၄ |
| လူမှုကွဲပြားခြင်း | ၄ |
| လူမျိုးစုအသွင် | ၅ |
| ယေဘုယျကောက်ချက်ချခြင်း | ၆ |
| လူမှုအဆင့်အတန်း | ၆ |
| နိုင်ငံများနှင့်လူထုအဖွဲ့အစည်းများ | ၇ |

**အခန်း ၂– နိုင်ငံနှင့် အမျိုးသား**

| | |
|---|---|
| နိုင်ငံဆိုသည်မှာအဘယ်နည်း | ၈ |
| လူမှုအလွှာကွဲပြားမှု | ၉ |
| နိုင်ငံတနိုင်ငံဖွဲ့စည်းတည်ဆောက်ပုံ | ၉ |
| နိုင်ငံတော်အစိုးရ၏လုပ်ငန်းတာဝန်များ | ၉ |
| အမျိုးသားဆိုသည်မှာအဘယ်နည်း | ၉ |
| လူမျိုးစုလူထုအဖွဲ့အစည်းနှင့် နိုင်ငံတော် | ၁၀ |

**အခန်း ၃– အရှေ့တောင်အာရှမှ ခေတ်သစ်နိုင်ငံများ**

| | |
|---|---|
| အရှေ့တောင်အာရှ၏ ရိုးရာအုပ်ချုပ်ရေးကို ကျင့်သုံးသောနိုင်ငံများ | ၁၂ |
| ဥရောပကိုလိုနီနိုင်ငံထူထောင်ခြင်း | ၁၃ |
| အမျိုးသားရေးဝါဒ | ၁၃ |
| လွတ်လပ်ရေး၊ခေတ်မီ အရှေ့တောင်အာရှနိုင်ငံပေါ်ထွန်းခြင်း | ၁၄ |
| နိုင်ငံတည်ထောင်ခြင်း | ၁၅ |

**အခန်း ၄– ကိုလိုနီဝါဒနောက်ပိုင်းကာလနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်**

| | |
|---|---|
| ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် | ၁၆ |
| ကမ္ဘာ့ကုလသမဂ္ဂနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် | ၁၆ |
| လူမျိုးစုလူထုအဖွဲ့အစည်း အခွင့်အရေးကို လူနည်းစုများ ဟုသတ်မှတ်ခြင်း | ၁၇ |
| ခွဲထွက်သောနိုင်ငံများ | ၁၇ |
| ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ဌာနေတိုင်းရင်းသား | ၁၈ |

## အခန်း ၅– တစ်ပြည်ထောင်စနစ်နှင့် ဖက်ဒရယ်နိုင်ငံ


ဗဟိုချုပ်ကိုင်မှုစနစ်ရှိသောအစိုးရနှင့် ဗဟိုချုပ်ကိုင်မှုစနစ်မရှိသောအစိုးရ ၁၉

ဖက်ဒရယ်ဖွဲ့ စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ၂၀

ဖက်ဒရယ်ပြည်ထောင်စုပြည်နယ်များတွင် ဗဟိုချုပ်ကိုင်မှုမရှိခြင်း ၂၀


## အခန်း ၆– ဒီမိုကရေစီနှင့် လူထုအဖွဲ့အစည်း


လူထုအဖွဲ့ အစည်းနှင့် အမျိုးသားနိုင်ငံ ၂၁

လူများစု၏ဆုံးဖြတ်ချက်– လူနည်းစုတို့အမြင်မှာအဘယ်နည်း ၂၂

အမြဲတမ်းဖြစ်သော လူနည်းစု ၂၂

လူနည်းစုများအတွင်းမှလူနည်းစုများ ၂၂

လူထုအဖွဲ့ အစည်းစီမံခန့် ခွဲမှု ၂၃

# အခန်း ( ၁ )

## လူထုအဖွဲ့အစည်းအားအဓိပ္ပါယ်ဖွင့်ဆိုခြင်း

### ဒေသတွင်းလူထုအဖွဲ့အစည်း

တစ်စုံတစ်ခုသောနေရာဒေသတွင် နေထိုင်သူလူထုများအားလုံးကို လူထုအဖွဲ့အစည်းဟုရည်ညွှန်းပြောဆိုနိုင်ပါသည်။ ကျေးရွာလူထု ၊ မြို့နေလူထု ၊ ဒုက္ခသည်စခန်းစသည်တို့မှာ လူထုအဖွဲ့အစည်းများအားလုံးဖြစ်သည်။ မတူညီသော လူထုအဖွဲ့အစည်းများ၊ သာမာန်အားဖြင့် ကွဲပြားခြားနားသော ဒေသများရှိလူထုများအကြောင်းကို ကျွန်ုပ်တို့ ပြောဆိုနိုင်ပါသည်။

### အကျိုးတူ လူထုအဖွဲ့အစည်း

နေရာဒေသတစ်ခုတည်းတွင် အတူတကွနေထိုင်ရုံမျှဖြင့် မလုံလောက်သေးပါ။
ပုံစံအားဖြင့်အောက်ပါကဲ့သို့ ဖြစ်နိုင်သည်။



❖ အိုးလုပ်ငန်း သို့ မဟုတ် ငွေပန်းတိမ်လုပ်ငန်း လုပ်ကိုင်သော လူထုအဖွဲ့ အစည်း
❖ ဗုဒ္ဓဘာသာဝင် သို့ မဟုတ် ခရိယာန်ဘာသာဝင် လူထုအဖွဲ့ အစည်း

ဆိုလိုသည်မှာ (က)ကျေးရွာမှ အိုးထိန်းသည်တို့ သည် အိုးထိန်းသည်လူထုအဖွဲ့ အစည်းဖြစ်သကဲ့သို့၊ (က)ကျေးရွာ လူထုအဖွဲ့ အစည်း၏ အဖွဲ့ ဝင်များလည်းဖြစ်ကြသည်။

လူထုအဖွဲ့ အစည်းဟု ကျွန်ုပ်တို့ က ရည်ညွှန်းပြောဆိုသောအခါ ၊ ဆိုလိုချက်မှာ–

❖ တစ်နေရာတည်းတွင် အတူနေထိုင်သော လူထုအဖွဲ့ (ဒေသဆိုင်ရာလူထုအဖွဲ့အစည်း) သို့မဟုတ်

❖ တစ်ခုသော ၎င်းတို့၏ဘဝလမ်းစဉ်အကြောင်း အတူတကွ ယုံကြည် ကြသော လူထုအဖွဲ့ (စိတ်ကူးဆန်သောလူထုအဖွဲ့ အစည်း )သို့မဟုတ် (၂)ခုစလုံးကိုဆိုလိုသည်။



**လူထုအဖွဲ့ အစည်း အဖွဲ့ ဝင်တစ်ဦးဖြစ်ရန်ဆိုသည်မှာ အဓိပ္ပါယ် မည်သို့ နည်း?**

☆ လူထုအဖွဲ့အစည်း အဖွဲ့သားများထံမှ အုပ်စုအကျိုးတူ လုပ်ငန်း ရပ်များအပေါ် သစ္စာစောင့်သိမှုကိုမျှော်လင့်ခြင်း။

☆ လူထုအဖွဲ့ အစည်းအတွက်ပြဿနာမဖြစ်သရွေ့ အဖွဲ့ သားတစ်ဦးသည် အခြားအဖွဲ့ သားများထံမှကူညီ ထောက်ပံ့မှုကိုမျှော်လင့်နိုင်သည်၊

အဖွဲ့ သားတစ်ဦးချင်းမှ တာဝန်နှင့်စောင့်ထိန်းအပ်သည်များကို လိုက်နာရန်သဘောတူညီခြင်းဖြင့် လူထုအဖွဲ့ အစည်း တစ်ခုသည် စည်းလုံးညီညွတ်၍ ခိုင်မာတောင့်တင်းမည်။

**လူမှုကွဲပြားခြင်း**

လူထုအဖွဲ့ အစည်းတစ်ခုသည် အလားတူပြည်သူများဖြင့်ဖွဲ့ စည်းထားပါက ၎င်းကို **မျိုးတူ** ဟုခေါ်နိုင်ပါသည်။

*ဥပမာ– အားလုံးမှာလယ်သမားများဖြစ်သည်။*

လူများစုအားလုံးက လယ်သမားဖြစ်သော (ခ)ကျေးရွာတစ်ရွာတွင် နေထိုင်သူလူတစ်ဦးမှ ဤကဲ့သို့ ပြောလိမ့်မည်။ "ကျွန်တော်ဟာ (ခ) ကျေးရွာကဖြစ်ပြီး၊ လယ်သမားတစ်ယောက်ပါ"

ထို့ကြောင့် တစ်ချိန်တည်းတွင် လူတစ်ဦးချင်းတို့သည်၊ ကွဲပြားခြားနားသော လူထုအဖွဲ့အစည်းအသီးသီး၏ အဖွဲ့ ဝင်များဖြစ်ကြောင်း ၎င်းတို့ကိုယ်တိုင် ဖေါ်ပြနိုင်ပါသည်။

လူထု အဖွဲ့အစည်းတစ်ခုသည် **မျိုးကွဲ** လည်းဖြစ်နိုင်သည်။ မျိုးကွဲဒေသခံ လူထုအဖွဲ့အစည်းတစ်ခုတွင် ပြည်သူများ သည် အမျိုးအစားများစွာကွဲပြားသည်။

☆ အချို့မှာ လယ်သမားများ

☆ အခြားသူတို့မှာ အိုးထိန်းသည်

☆ အချို့မှာ ဗုဒ္ဓဘာသာဝင်

☆ အခြားသူတို့မှာ မူစလင်ဘာသာဝင်

၎င်းတို့သည် အောက်ပါအတိုင်းဖြစ်နိုင်သည်။

- ဗုဒ္ဓဘာသာဝင် လယ်သမားများ
- ဗုဒ္ဓဘာသာဝင် အိုးထိန်းသည်များ
- မူစလင်ဘာသာဝင် လယ်သမားများ
- မူစလင်ဘာသာဝင် အိုးထိန်းသည်များ

၎င်းသည် **လူမှုရေးအရကွဲပြားသည်**၊ ၎င်းသည် အမျိုးအစားများစွာခြားနားသော ပြည်သူများဖြင့်ဖွဲ့စည်းထား သည်။

## အားပြိုင်နေသောလူထုအဖွဲ့အစည်း



ဒေသဆိုင်ရာလူထုအဖွဲ့အစည်းအတွင်းမှ လူတစ်ဦးချင်းတို့သည် အားပြိုင်နေသော လူအုပ်စုအဖွဲ့ဝင် များလည်းဖြစ်နိုင်ပါသည်။

လူထုအဖွဲ့အစည်းတစ်ခုအတွင်း၌လည်း ကွဲပြားခြားနား မှုများစွာ ရှိနိုင်ပေသည်။

လူတစ်ဦးချင်းမှ တစ်ချိန်တည်း (သို့ဟုတ်) မတူညီသော အချိန်အခါများတွင်၊ သူသည်မတူညီကွဲပြားသော လူထုအဖွဲ့ အစည်းများတွင် ပါဝင်ပတ်သက် နေသည်ဟု ထင်မြင်ယူဆနိုင်သည်။

ပုံစံအားဖြင့် –

- ✪ အိုးထိန်းသည်များ၊ လယ်သမားများ နှင့် တောင်းရက်သူများ (သို့မဟုတ်)
- ✪ ဗုဒ္ဓဘာသာဝင်များနှင့် ခရစ်ယာန်ဘာသာဝင်များ

ကွဲပြားခြားနားသော ကန့်လန့်ဖြတ်နှင့်၊ ထပ်ဆင့်ပုံစံလူထုအဖွဲ့ အစည်းများစွာရှိ သည်။

## လူမျိုးစုအသွင်

**လူမျိုးစုလူထုအဖွဲ့အစည်း** တစ်ခုကို အောက်ပါ အချက်များ မျှဝေခံစားသော လူပုဂ္ဂိုလ်အုပ်စုဟူ၍ ဖွင့်ဆိုနိုင်သည်။

- ➤ စုပေါင်း လူထုအဖွဲ့အစည်းအမည်နာမ
- ➤ (ရှေးကာလနှင့် ဆက်နွယ်သည့်၊ တူညီသော) ဒဏ္ဍာရီ (သို့မဟုတ်) ရိုးရာပုံပြင်
- ➤ အသိအမှတ်ပြု တူညီသောသမိုင်း
- ➤ နယ်မြေပိုင်နက် အထောက်အထား
- ➤ တူညီသော ဘာသာစကား
- ➤ လူထုအဖွဲ့အစည်းသွေးစည်းညီညွတ်မှုစိတ်ဓါတ်



ထို့ကြောင့် **လူမျိုးစု** ဆိုသည့်အသုံးအနှုန်းသည်၊ သိသာထင်ရှားသောယဉ်ကျေးမှု အခြေခံအချက်များ တူညီကြောင်း အဓိပ္ပါယ်သက်ရောက်သည်။

**ယေဘုယျကောက်ချက်ချခြင်း**

လူမျိုးစု လူထုအဖွဲ့အစည်းတို့သည် လယ်သမား၊ အိုးထိန်းသည်၊ ဗုဒ္ဓဘာသာဝင်နှင့် မူစလင်ဘာသာဝင် စသည်အားဖြင့်လည်းဖြစ်နိုင်ပေသည်။ ကျွန်ုပ်တို့သည် ယေဘုယျကောက်ချက်ချရာတွင် သတိပြုရမည်။ ၎င်းမှာ တစ်ခုသော လူထုအဖွဲ့အစည်းရှိ ပြည်သူတစ်ရပ်လုံး၏ အချို့အမျိုးအစားမှာ အားလုံးတူညီလိမ့်မည်ဟူသော ယူဆချက်ဖြစ်သည်။

ဗုဒ္ဓဘာသာဝင်အားလုံးတို့သည် လယ်သမားများမဟုတ်၊ ကရင်လူမျိုးများအားလုံးသည် ဗုဒ္ဓဘာသာဝင် မဟုတ် စသည်ဖြင့် . . .

သို့ သော် နေရာအတော်များများတွင် လူတို့ သည် ယေဘုယျကောက်ချက်ချလေ့ရှိကြသည်။

***ကျွန်ုပ်တို့ ဘေးပတ်လည်ရှိ ကွဲပြားခြားနားမှုများအားလုံးကို သိရှိနားလည်နိုင်ရန် ယေဘုယျကောက်ချက်ချခြင်းက ကာကွယ်တားဆီး ထားလေ့ရှိသည်။***

**လူမှုအဆင့်အတန်း**

● လူတစ်ဦးသည် လူထုအဖွဲ့အစည်းအများအပြားတွင် ပါဝင်နိုင်သည်။ ၎င်းနောက်ကွဲပြားသော လူထုအဖွဲ့အစည်းအများအပြားတို့သည် တစ်ခုနှင့်တစ်ခု ယှဉ်တွဲ၍ ရပ်တည်နေကြကြောင်း ကျွန်ုပ်တို့တွေ့မြင်ရသည်။

ထူးခြားသော သတိပြုရန်အချက်မှာ အချို့မိသားစုတို့သည် ပိုမိုချမ်းသာကြွယ်ဝပြီး အခြားသူများထက် ပို၍ အရာရောက်ကြောင်းတွေ့ရှိရသည်။ စီးပွားရေးအဆင့်အတန်းခြားနားသော လူထုအဖွဲ့အစည်းကို ကျွန်ုပ်တို့က **လူတန်းစား** ဟူ၍ ခေါ်ကြသည်။

လူတန်းစားကို ဤသို့တွေ့မြင်နိုင်သည်

- ဘယ်လို အိမ်အမျိုးအစားတွင် သင်နေထိုင်သနည်း
- ဘာအလုပ်မျိုးကို သင်လုပ်ကိုင်သနည်း
- ဘယ်လိုစာသင်ကျောင်းမျိုးကို သင်တက်ရောက်သနည်း စသည်ဖြင့်

လူတန်းစားကို ဥစ္စာနေဖြင့် ဆုံးဖြတ်၍ အခွင့်အလမ်းနှင့် အခြေအနေများကို အခြေခံပြီး လူတို့သည် လူတန်းစားများကြားတွင်ရွှေ့ ပြောင်းနိုင်ကြသည်။ ဤသည်ကို **လူမှုအလွှာရွှေ့ ပြောင်းနိုင်ခြင်း** ဟုခေါ်သည်။ လူတန်းစားသည်လည်း လူထုအဖွဲ့ အစည်း၏ အမျိုးအစားတစ်ခုဖြစ်သည်။

အချို့နေရာများတွင် သင်သည်ချမ်းသာကြွယ်ဝသော်လည်း တစ်ခုသောလူမျိုးစု အုပ်စုဝင်ဖြစ်၍ သင့်အဆင့်အတန်းမှာ နဂိုရှိရင်းစွဲအတိုင်းဖြစ်သည် ။ ဤသည်ကို **လူမှုအလွှာမပြောင်းလွှဲနိုင်ခြင်း** ဟုခေါ်သည် ။



**တိုင်းပြည်နှင့် လူထုအဖွဲ့ အစည်းများ**

အားလုံးသောတိုင်းပြည်တို့တွင် လူထုအဖွဲ့အစည်းများစွာပါဝင်နေသည်၊ ၎င်းတို့မှာ –

- ➤ ယဉ်ကျေးမှု လူထုအဖွဲ့အစည်း
- ➤ ဘာသာရေး လူထုအဖွဲ့အစည်း
- ➤ လူမျိုးစု လူထုအဖွဲ့ အစည်း
- ➤ ဘာသာစကားနှင့်ဆိုင်သော လူထုအဖွဲ့ အစည်း
- ➤ လူမှုလုပ်ငန်းစားများဖြစ်သည်

အကြောင်းခြင်းရာများစွာရှိရာတွင် အကယ်၍ သင်သည် လူများ၏အကြောင်းခြင်းရာကို မေးမြန်းပါက ၎င်းတို့ဖော်ပြသော လူထုအဖွဲ့အစည်း တစ်ခုမှာ သူတို့၏ တိုင်းပြည်ဖြစ်ပေလိမ့်မည်။

*ဥပမာ–*

" ကျွန်တော် မွန်လူမျိုးပါ၊ ဗုဒ္ဓဘာသာဝင်ဖြစ်ပြီး ဗမာပြည်ကပါ "

**လူထုအဖွဲ့ အစည်းများစွာတွင် ပါဝင်ခြင်း**

လူအများစုတို့မှာ လူထုအဖွဲ့အစည်း အများအပြားတွင်ပါဝင်ကြသည်။ ၎င်းတို့သည် တစ်ချိန်တည်း(သို့မဟုတ်) မတူညီသော အချိန်များတွင် နည်းအမျိုးမျိုးဖြင့် ၎င်းတို့၏ အခြင်းအရာများကို ဖော်ပြကြသည်။

*ဥပမာ*– ဩစတေးလျ နိုင်ငံရောက် ထိုင်းအမျိုးသမီးအား သူမအကြောင်းကို မေးမြန်းပါက "ကျွန်မ ထိုင်းလူမျိုးပါ"ဟု ဖြေလိမ့်မည်။ သို့သော် ဗန်ကောက်မြို့၌ အခြားအချိန်အခါများတွင် "ကျွန်မ ဥဘွန်ဌာနီကပါ" သို့မဟုတ် "ကျွန်မ ကျောင်းဆရာမပါ" သို့မဟုတ် "ကျွန်မ အမျိုးသမီးပါ "ဟုဖြေလိမ့်မည်။

**အကျဉ်းချုပ်**

ဤအခန်းတွင် ကျွန်ုပ်တို့သည် လူထုအဖွဲ့အစည်း၏ ဆိုလိုချက်ကို ဆွေးနွေးခဲ့ကြသည်။ မတူညီကွဲပြားသော လူထုအဖွဲ့အစည်းအမျိုးမျိုး မည်သို့ရှိနိုင်ပုံနှင့် လူထုအဖွဲ့အစည်းပုံစံများစွာရှိတတ်ကြောင်း တွေ့မြင်ခဲ့ရပြီ။ အချို့လူထုအဖွဲ့အစည်းများမှာ မျိုးတူဖြစ်ပြီး အခြားတို့မှာ မျိုးကွဲဖြစ်တတ်ကြောင်းတွေ့ရသည်။

လူမျိုးစု လူထုအဖွဲ့အစည်းများနှင့် လူမှုလုပ်ငန်းစားများကို လူထုအဖွဲ့အစည်းကဲ့သို့ ရှုမြင်သောအယူအဆအကြောင်း ပြောခဲ့သည်။

နောက်ဆုံးတွင်လူမှုအရွေ့ အပြောင်းဆိုသည့် အယူအဆကိုပြောဆိုခဲ့သည်။

❮❮❮❮❮❮❮ ♦ ❯❯❯❯❯❯❯

# အခန်း ( ၂ )

## နိုင်ငံနှင့်အမျိုးသား

### နိုင်ငံဆိုသည်မှာ အဘယ်နည်း

**နိုင်ငံဆိုသည်မှာ နိုင်ငံရေးအာဏာပိုင်အဖွဲ့တစ်ခုမှ အုပ်ချုပ်ထားသော လူများနေထိုင်ရာ နယ်မြေဒေသ တစ်ခုဖြစ်၍ ယင်းအာဏာပိုင်အဖွဲ့မှ အင်အားကို သုံးရန် တစ်ခုတည်းသောအခွင့်အရေး ကိုတောင်းဆိုထားသည်။**



အားလုံးသောနိုင်ငံများ၌ အောက်ပါအချက်များရှိရန်လိုသည်။

ရှုပ်ထွေး၍ ဗဟိုချုပ်ကိုင်မှုရှိသော **အဆင့်ဆင့်အုပ်ချုပ်ရေးအဖွဲ့ဖြစ်သည်** ။ အုပ်ချုပ်ရေးအဖွဲ့တွင် ဤအရာများပါဝင် သည်။

- ★ ဥပဒေ ရေးဆွဲသူများ (ဥပမာ– ဥပဒေပြု)
- ★ ဥပဒေကို စီမံကွပ်ကဲသူများ၊ (ဥပမာ ပြုရိုကရက်များ ၊ တရားသူကြီးများ )နှင့်
- ★ ဥပဒေကို ထိန်းသိမ်းစောင့်ရှောက်သူများ၊ (ဥပမာ– ရဲသား)



**အဆင့်ဆင့်အုပ်ချုပ်ရေးဆိုသည်မှာ၊ အာဏာနှင့် အရေးပါမှုကိုလိုက်၍ လူများ (သို့မဟုတ်) အရာဝတ္ထုများ ကို ရာထူးအစဉ်အလိုက်ထားရှိသော စနစ်ဖြစ်သည်။**

### နိုင်ငံနှင့် နိုင်ငံတော်အစိုးရ

ကျွန်ုပ်တို့သည် နိုင်ငံ ဆိုသောစကားလုံးကို “တိုင်းပြည်များ” ဟူသော အဓိပ္ပါယ်ဖြင့် တစ်ခါတစ်ရံ သုံးစွဲကြသည်။ ထို့ကြောင့် ဩစတေးလျ၊ ထိုင်း၊ အင်ဒိုနီးရှားစသည်တို့မှာ နိုင်ငံတော်များဖြစ်ကြသည်။ တစ်ခါတစ်ရံလည်း ထိုစကားလုံးကို

ကိုယ်ပိုင်အစိုးရရှိသော တိုင်းပြည်တစ်ပြည်၏ အစိတ်အပိုင်းတစ်ခု အဖြစ်သုံးစွဲသည်။ [illegible]
ဝါရှင်တန်ပြည်နယ်၊ နယူးယောက်ပြည်နယ်။

နိုင်ငံတစ်ခု သို့မဟုတ်ပြည်နယ်များ ဆိုသည့်ရည်ညွှန်းချက်ကိုသင်တွေ့မြင်ရပါက၊ မည်သည့်အဓိပ္ပါယ်ကိုဆိုလို ကြောင်း အများအားဖြင့် ခန့်မှန်းနိုင်ပါသည်။

သို့ရာတွင်နိုင်ငံ ဆိုသည့် စကားလုံးကို အခြားနည်းလမ်းဖြင့်သုံးထားသည်။ ၎င်းကိုအစိုးရနှင့် အစိုးရ ကိုယ်စားလှယ်လုပ်ငန်းဌာနအသီးသီးကို ရည်ညွှန်းရာ၌ အသုံးပြုထားသည်။ ၎င်းတွင် ဥပဒေပြုသူ၊ စီမံသူနှင့် ထိန်းသိမ်းသူ ပုဂ္ဂိုလ်များနှင့် အစိုးရကိုယ်စားလှယ် ဌာနအသီးသီးတို့အားလုံးပါဝင်သည်။

## လူမှုအလွှာကွဲပြားမှု

အဆင့်ဆင့် အုပ်ချုပ်ရေးအဖွဲ့ကဲ့သို့ လူမှုကွဲပြားခြားနားမှုကိုဆိုလိုသည်။ ဤအချက်သည် အချို့လူတို့မှာ ဉစ္စာပေါများ၍ အင်အားရှိသည်။ အခြားလူတို့မှာ ဉစ္စာနေလျော့ပါးပြီး အားနည်းသည်။ ဤအချက်ကို လူမှုအဆင့်အတန်းဟု မကြာခဏ ရည်ညွှန်းပြောဆိုကြသည်။

## နိုင်ငံတစ်နိုင်ငံ ဖွဲ့ စည်းတည်ဆောက်ပုံ

နိုင်ငံတစ်ခုတည်ရှိရန်အတွက် အပိုထုတ်လုပ်ခြင်းရှိရမည်။ လယ်ယာလုပ်ငန်းသည် အပိုထုတ်လုပ်ရန်လုံလောက်သော သီးနှံများ ထွက်ရှိမှသာလျှင် နိုင်ငံပေါ်ထွန်းလာသည်။ နိုင်ငံတော်မှ အခွန်ကောက်ခံခြင်းဖြင့် အပို (ထုတ်လုပ်မှု) ကို ကောက်ခံသည်။

အပိုထုတ်လုပ်မှုသည်လမ်းများ(သို့မဟုတ်) တိုက်တာအဆောက်အဦး များ(သို့မဟုတ်) မြို့တည်ဆောက်ခြင်းစသည့် **နိုင်ငံ့စီးပွားရေး အဆောက်အဦးများ** ရင်းနှီးမြှုပ်နှံမှုကို ဖြစ်ပေါ်စေပါသည်။

## နိုင်ငံတော်အစိုးရ၏ လုပ်ငန်းတာဝန်များ



**နိုင်ငံတော်အစိုးရ** ၏အခြေခံအခန်းမှာ လူ့ဘောင်အဖွဲ့တွင်ပါဝင်သော လူပုဂ္ဂိုလ်များ၊ လူထုအဖွဲ့အစည်းများ၏ အကျိုးကို မျှတအောင် ထိန်းပေးခြင်း ဖြစ်သည်။ **နိုင်ငံတော်အစိုးရ** သည် လူတိုင်းလိုက်နာရမည့် စောင့်ထိန်းအပ်သော စည်းကမ်း (ဥပဒေ)များကို ချမှတ်သည်။

ဆုပေးခြင်း၊ ဒဏ်ပေးခြင်းတို့ကို အရေးယူမှုဟုခေါ်ဆိုပြီး၊ ဥပဒေသည် တရားဝင်အရေးယူသော အမျိုးအစားအဖြစ် နိုင်ငံတော်အစိုးရက အသုံးပြုထားခြင်းဖြစ်သည်။

## အမျိုးသားဆိုသည်မှာ အဘယ်နည်း ?

★ နယ်မြေဒေသတစ်ခုတည်း အတူနေသည်ဖြစ်စေ၊ မနေသည်ဖြစ်စေ (သို့မဟုတ်) ကိုယ်ပိုင်အစိုးရ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ **လူမျိုးစုတို့တွေးခေါ်သော** အမျိုးသားမှာ ယဉ်ကျေးမှု၊ သမိုင်းနှင့် ဘာသာစကားတူညီသော လူထု အဖွဲ့အစည်းရှိလူများကို ဆိုလိုသည်။

★ **နိုင်ငံသားများတွေးခေါ်သော** အမျိုးသားမှာ တစ်ခုသောနယ်မြေဒေသတွင်နေထိုင်ပြီး အစိုးရတစ်ရပ်အောက် စုစည်းထားသော လူထုအဖွဲ့အစည်းဝင် လူများကိုဆိုလိုသည်။

## လူ့ဘောင်အဖွဲ့

လူ့ဘောင်အဖွဲ့သည် အလွန်ကြီးမားသော ပုဂ္ဂိုလ်အပေါင်းအစုကိုဆိုလိုသည်။ ၎င်းတို့အားလုံးတွင် အထူးကိုယ်ပိုင်လို အပ်ချက်နှင့် အကျိုးများရှိပြီး၊ ထူးခြားသောဘဝလမ်းခရီးတွင် အသက်ရှင်ရပ်တည်ရန် တစ်ဦးကိုတစ်ဦး မှီခိုအားထားကြသူများဖြစ်သည်။ *ဥပမာ* – ၎င်းတို့၏လူမျိုးစုလူ့အဖွဲ့အစည်း

## လူမျိုးစုလူထုအဖွဲ့အစည်းနှင့် နိုင်ငံတော်

***မတူညီသော အခြင်းအရာများ ၊ အားပြိုင်နေသော လူထုအဖွဲ့အစည်းများ၊ အံတုဆန့်ကျင်နေသော သစ္စာစောင့်သိမှုများ***

တစ်ဦးတစ်ယောက်သည် ကွဲပြားခြားနားသော လူထုအဖွဲ့အစည်း(၂)ရပ်တွင်ပါဝင်ပြီး၊ မတူညီသောလူထုအဖွဲ့အစည်း (၂) ရပ်စလုံးကို သစ္စာစောင့်သိရန် လိုအပ်ပါက မည်သို့ဖြစ်မည်နည်း။

*ဥပမာ* – ဒေသခံလူထုအဖွဲ့အစည်းဝင်တစ်ဦးမှ ၎င်း၏အိမ်နီးချင်းနိုင်ငံနှင့် ဖြစ်ပွားသည့်စစ်ပွဲတွင်ပါဝင်ပြီး ၎င်း၏အဖွဲ့ဝင်များကို စစ်ပွဲတွင်ပါဝင်တိုက်ခိုက်စေလိုသည်။ ၎င်းနောက် ဘာသာရေးလူထုအဖွဲ့အစည်းဝင်တစ်ဦးက အကြမ်းဖက်ခြင်းကို တားဆီးသည်။

လူတစ်ဦးချင်းသည် မည်သည့်လူထုအဖွဲ့အစည်းကို သစ္စာစောင့်သိရန်စဉ်းစားရာတွင် ပြဿနာရှိသည်။ များသောအားဖြင့် လူပုဂ္ဂိုလ်များသည် မတူညီသော လူထုအဖွဲ့အစည်းများကို သစ္စာစောင့်သိရန် ၎င်းတို့၏ အားပြိုင်ခြင်းကို နည်းလမ်းများရှာဖွေ၍ ဆုံးဖြတ်တတ်ကြသည်။

အမျိုးသားလူထုအဖွဲ့အစည်း တစ်ရပ်လုံးကိုကိုယ်စားပြုသည်ဟု ခံယူသောအစိုးရမှ လူတစ်ဦးချင်းအား သစ္စာစောင့်သိရန်တောင်းဆိုပါက သဘောထားကွဲလွဲမှု ဖြစ်ရန်အလားအလာရှိသည်။ အဘယ်ကြောင့်ဆိုသော်ထို လူတစ်ဦးချင်းတို့သည် ၎င်းတို့၏ ပထမသစ္စာစောင့်သိမှုကို အခြားလူထုအဖွဲ့အစည်း၌ ထားရှိလိုသောကြောင့်ဖြစ်သည်။

ယနေ့ကမ္ဘာတွင် ခန့်မှန်းခြေအားဖြင့် နိုင်ငံပေါင်း (၁၈၀) ကျော်ရှိပြီး၊ အမျိုးသားပေါင်း (၅၀၀၀) ကျော်ရှိသည်။ အစိုးရနှင့်လူမျိုးစု အမျိုးသားများကြားတွင် တင်းမာမှုအလားအလာဖြစ်ပွားရန် ကောင်းစွာတွေ့မြင်နေရသည်။

တစ်ခါတစ်ရံ ဤတင်းမာမှုသည် အောက်ပါကဲ့သို့ အခြေအနေကိုဦးတည်သွားစေသည်။ အစိုးရမှ နိုင်ငံသားများအားလုံးကို တစ်ခုတည်းသော အမျိုးသားနိုင်ငံအဖြစ်သို့ပါဝင်စေသည်။ နိုင်ငံအတွင်းရှိ လူမျိုးစုလူထုအဖွဲ့အစည်းခေါင်းဆောင်များက ၎င်းတို့အမျိုးသားလူမျိုးစုများသည် ကိုယ်ပိုင်နိုင်ငံတစ်ခုရှိသင့်ကြောင်းတောင်းဆိုသည်။ ကွဲပြားသော အမျိုးသားနိုင်ငံတစ်ခုရှိလိုသည်။

ဤကဲ့သို့ ကိစ္စရပ်များတွင် စဉ်းစားသင့်သည်မှာ အမျိုးသားများသည် နိုင်ငံတော်နှင့်အတူတကွ **အမျိုးသားနိုင်ငံတော်** ကိုတည်ဆောက်ရန် သဘောတူညီမှုရယူခြင်းဖြစ်သည်။

လွတ်လပ်သော ပြည်နယ်အစိုးရများကို အချုပ်အခြာအာဏာပိုင်အဖွဲ့အဖြစ် အသိအမှတ်ပြုသည်။ ထိုအစိုးရတို့သည် ၄င်းတို့နယ်မြေဒေသအတွင်းရှိ လူထုအဖွဲ့အစည်း တစ်ခုခုက ကွဲပြားခြားနားသော အမျိုးသားအဖြစ် အသိအမှတ်ပြုရန် တောင်းဆိုခြင်းခံရလိမ့်မည်။ ၎င်းနောက် တစ်နည်းတစ်လမ်းဖြင့် တုံ့ပြန်နိုင်သည်။

ထိုအစိုးရတို့သည် အမျိုးသားနိုင်ငံ၌ လူမျိုးစုပေါင်းစုံပါဝင်သောနိုင်ငံအဖြစ် **အသိအမှတ်ပြုရန်** လိုလားလိမ့်မည်။ (သို့မဟုတ်) အမျိုးသားလူထုအဖွဲ့အစည်း၏ ဂုဏ်သိက္ခာနှင့်ထူးခြားမှုကိုဖန်တီးပြီး၊ မတူညီသောဝိသေသ ထူးခြားချက်ခံစားမှုများအပေါ် ကြားနေရန် ကြိုးစားလိမ့်မည်။

ထိုအစိုးရသည် အသီးသီးသော လူမျိုးစု အမျိုးသားများအား၊ ၎င်းတို့၏ ယဉ်ကျေးမှုနှင့် ဝိသေသထူးခြားချက်များကို စွန့်ပယ်ပြီး အမျိုးသားလူထုအဖွဲ့အစည်းကို သစ္စာစောင့်သိရန် အကြပ်ကိုင်လိမ့်မည်။

**အကျဉ်းချုပ်**

- နိုင်ငံတော်ကို ကျွန်ုပ်တို့ ဤသို့ အဓိပ္ပါယ်ဖွင့်ဆိုသည်။

  ***အဆင့်ဆင့်၊ ဗဟိုချုပ်ကိုင်သည့်ပုံစံရှိသော အစိုးရဖြစ်ပြီး၊ ၎င်း၏နိုင်ငံသားများကို အင်အားသုံး၍ စည်းကမ်းလိုက်နာစေရန် တစ်ခုတည်းသော တရားဝင်အခွင့်အရေးရှိသည့် အဖွဲ့ဖြစ်သည်။***
- အစိုးရ၏ ဆိုလိုချက်ကိုလည်းဆွေးနွေးခဲ့သည်။
- အမျိုးသားကို နည်းလမ်း (၂) သွယ်ဖြင့်ဖွင့်ဆိုသည်။
- လူမျိုးစု၏ ယူဆချက်ဖြင့် အမျိုးသားကို ဤသို့ပြောဆိုခဲ့သည်။

  ***တူညီသော ဘာသာစကားနှင့် ယဉ်ကျေးမှုဖြင့် မွေးဖွားလာသောလူမျိုး။ ဆိုလိုသည်မှာ လူမျိုးစု လူထုအဖွဲ့အစည်းနှင့် အနည်းနှင့်အများတူညီသည်။ သို့သော် ၎င်းသည် နိုင်ငံရေး လူထုအဖွဲ့အစည်း၊ ကိုယ်ပိုင်ခေါင်းဆောင်ရှိသော လူမျိုးစုလူထုအဖွဲ့အစည်း ဟူ၍လည်း သဘောသက်ရောက်ပါသည်။***
- နိုင်ငံသားတို့မှ အမျိုးသားအပေါ် အဓိပ္ပါယ်ဖွင့်ဆိုရာတွင် ခေတ်မီနိုင်ငံတော်နှင့်ဆက်နွယ်သည်။ ဆိုလိုသည်မှာ ရှင်းလင်းစွာ သတ်မှတ်ထားသော နယ်မြေဒေသတွင် အတည်တကျနေထိုင်သော လူဦးရေတစ်ရပ်လုံး။

**ကျွန်ုပ်တို့ မှတ်ရန်မှာ**

အမျိုးသားနိုင်ငံဆိုသည်မှာ နိုင်ငံနယ်နိမိတ်အတွင်းရှိ ပြည်သူများအားလုံးပါဝင်သော လွတ်လပ်သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။

❮❮❮❮❮❮ ♦ ❯❯❯❯❯❯

# အခန်း ( ၃ )

## အရှေ့တောင်အာရှရှိခေတ်သစ်နိုင်ငံများ

### အရှေ့တောင်အာရှ၏ ရိုးရာအုပ်ချုပ်ရေးကို ကျင့်သုံးသောနိုင်ငံများ

ဘုရင့်နိုင်ငံပိုင်နက်များတွင် တိကျပြတ်သားသော နယ်နိမိတ်မျဉ်းများမရှိသဖြင့် တစ်ခါတစ်ရံ အိမ်နီးချင်းဘုရင့်နိုင်ငံများက နယ်တစ်ခုတည်းကိုပိုင်း၍ တောင်းဆိုလေ့ရှိသည်။

နှောင်းခေတ်အရှေ့တောင်အာရှ၏ နိုင်ငံများတွင် ဘုရင်စနစ်ကို ဗဟိုအာဏာပိုင်အဖြစ်ဖွဲ့စည်းပြီး၊ ဘုရင်ကိုနိုင်ငံ့မြို့တော်တွင်ထားရှိသည်။

ကုန်းတွင်းပိုင်းတွင်နေထိုင်သော ပြည်သူများသည်၊ မြေပြန့်စပါးထွက်ရှိရာ ဘုရင့်နယ်မြေနှင့်ကွာခြားသည်။ ကုန်းတွင်းပိုင်းကိုအများအားဖြင့် ပိုင်ဆိုင်သူမရှိ ကြားခံနယ်မြေအဖြစ် သတ်မှတ်သည်။

သို့ရာတွင်တစ်ခါတစ်ရံ တောင်ပေါ်တိုင်းရင်းသားပြည်သူများသည် ၄င်းနယ်မြေတွင် အသုံးဝင်၍ လွတ်လပ်သည့် ကြားခံနယ်အဖြစ် အင်အားတောင့်တင်းသော ပြိုင်ဘက် ဘုရင့်နိုင်ငံများကြား ရပ်တည်ကြရသည်။




ရှေးဦးကာလ ဗမာနိုင်ငံသည် ဤစနစ်၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။

- ❖ အလယ်ပိုင်း လွင်ပြင်ဒေသကို ဘုရင်မှတိုက်ရိုက်အုပ်ချုပ်၍ ဘုရင့်မှူးတော်မတ်တော်များက လွတ်လပ်သော နယ်ပယ်များကို ထိန်းချုပ်သည်။
- ❖ နယ်စပ်ဒေသ အာဏာပိုင်ဆိုင်ခြင်းမှာ များပြားသော လူမျိုးစုအုပ်ချုပ်သူများ၏ လက်တွင်းရှိနေသည်။

အခြားနည်းလမ်းဖြင့် ကိုလိုနီခေတ်မတိုင်မီ ဗမာနိုင်ငံအကြောင်းကို စဉ်းစားပါက ကုန်းတွင်း (တောင်ပေါ်) နှင့်မြေပြန့် (လွင်ပြင်နှင့်တောင်ကြား) ဒေသ လူထု အဖွဲ့အစည်းများမှာ အရေးပါလှသည်။ နိုင်ငံတော်အစိုးရ၏ နယ်စပ်ဒေသများသည် ဗဟိုအစိုးရအတွက် စီးပွားရေးအရ အနည်းငယ်မျှသာ အရေးပါသော်လည်း လုံခြုံရေးအရများစွာအရေးပါသည်။ နိုင်ငံတော်အစိုးရမှ လူမျိုးစုလူထုအဖွဲ့ အစည်းအသီးသီးကို ထိန်းချုပ်ရန်မကြိုးစားပါ။

ကုန်းတွင်းဒေသများသည် နိုင်ငံတော်အစိုးရ အချုပ်အခြာအာဏာကို ခြိမ်းခြောက်ခြင်းမရှိဘဲ၊ ၎င်းတို့သည်အသုံးဝင်သော ကြားခံနယ်ဖြစ်သည်။

## ဥရောပ ကိုလိုနီနိုင်ငံ ထူထောင်ခြင်း

အရှေ့တောင်အာရှတွင် ခေတ်သစ်နိုင်ငံများ ပေါ်ထွန်းလာခြင်းသည် ဥရောပ၏ အာဏာထူထောင်ခြင်း ဖြစ်သည်။ *ဥပမာ – (မြန်မာနှင့်မလေးရှား)* သို့မဟုတ် ဒေသတွင်းကြီးထွားလာသော ဥရောပသြဇာ ရိုက်ခတ်ခြင်းကိုတုံ့ပြန်ခြင်း *(ဥပမာ– ထိုင်းနိုင်ငံ)*

ဥရောပ ကိုလိုနီနိုင်ငံထူထောင်ခြင်း၏ အရေးပါသောအကျိုးဆက်တစ်ခုမှာ အိန္ဒိယနှင့် တရုပ်နိုင်ငံမှ အခြေစိုက်ပြောင်းရွှေ့ ဝင်ရောက်လာသူတို့သည် အရှေ့တောင်အာရှနိုင်ငံများသို့ အမြောက်အများ ဝင်ရောက်လာခြင်းဖြစ်သည်။ ၁၉ ရာစုနောက်ပိုင်း အဆိုပါအခြေချ ဝင်ရောက်လာသူတို့သည် အများအားဖြင့် ကိုလိုနီနိုင်ငံထူထောင်သူတို့ ၏ စီးပွားရေးဖွံ့ ဖြိုးမှုလုပ်ငန်းများတွင် လုပ်ကိုင်ရန် လာရောက်ကြခြင်းဖြစ်သည်။

## ကိုလိုနီအုပ်စိုးမှုအောက်မှ မြန်မာနိုင်ငံ

မြန်မာနိုင်ငံ ဗြိတိသျှအုပ်ချုပ်ရေးသည် ၁၈၂၅–ခုနှစ်တွင်စတင်၍ ၁၉၄၂–ခုနှစ်၊ ဂျပန်တို့ ကျူးကျော်ဝင်ရောက်ပြီး ဗြိတိသျှတို့ ဆုတ်ခွာသောအခါ ပြီးဆုံးသည်။

မြန်မာနိုင်ငံတွင် ဗြိတိသျှအင်္ဂလိပ်တို့ အုပ်စိုးသောခေတ် (၃)ခေတ်ရှိသည်။

၁။ ၁၈၂၅–၁၈၇၉ ခုနှစ် ကြားကာလတွင်၊ ဥပဒေပြဋ္ဌာန်း၍ အခွန်ကောက်ခြင်းမှလွဲပြီး အစိုးရသည် စီးပွားရေးလုပ်ငန်းများ ကို စုစည်းရန် အနည်းငယ်သာကြိုးပမ်းသည်။

၂။ ၁၈၈၀ မှ ၁၉၂၃ ခုနှစ် အစိုးရသည်၊ ၄င်း၏အင်အားကိုတိုးချဲ့ ရာတွင် လမ်းပန်းဆက်သွယ်ရေး၊ စာသင်ကျောင်းများ၊ ကျန်းမာရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများကို တိုးတက်ကောင်းမွန်စေသည်။

၃။ ၁၉၂၃ ခုနှစ် နောက်ပိုင်းတွင်၊ အစိုးရမူဝါဒအရ ဒီမိုကရက်တစ်အခြေခံနိုင်ငံရေး အဖွဲ့အစည်းများကို ခွင့်ပြုခဲ့သည်။ ဤကာလအတွင်း ကိုလိုနီအုပ်ချုပ်ရေးကို ဆန့်ကျင်သော **ဗမာ** အမျိုးသားရေးဝါဒ ပေါက်ဖွားလာသည်။

## အမျိုးသားရေးဝါဒ

၁၉၁၈ ခုနှစ်မှ ၁၉၄၁ ခုနှစ်တွင် အရှေ့ တောင်အာရှ၌ ကိုလိုနီအုပ်ချုပ်ရေးကို ဆန့်ကျင်တော်လှန်မှုကြီး ပေါ်ပေါက်သည်။ **အမျိုးသားရေးဝါဒ** ကြီးထွားလာပုံကို အောက်ပါအတိုင်း ခွဲခြမ်းစိတ်ဖြာနိုင်သည်။

❖ နိုင်ငံရေးလူထုအဖွဲ့အစည်းများ သွေးစည်းညီညွတ်ပြီး နိုးကြားရေပန်းစားလာခြင်း။

❖ လူထုအဖွဲ့အစည်းကို အမျိုးသားရေး အသွင်ဖြင့်၊ လွတ်လပ်သောနိုင်ငံ ထူထောင်ရန်လှုံ့ဆော်အားပေးခြင်း။

အရှေ့ တောင်အာရှ အမျိုးသားရေးဝါဒသည် **လူမျိုးစုအမျိုးသားစိတ်ဓါတ်**ကို ရောင်ပြန်ဟပ်စေသည်။ ၎င်းသည် **နိုင်ငံသားအမျိုးသားစိတ်ဓါတ်** ကိုလည်းရောင်ပြန်ဟပ်ပြီး၊ ဥရောပသားမဟုတ်သော ကွဲပြားသည့် လူထုအဖွဲ့ အစည်းများ ပါဝင်သည့် အမျိုးသားရည်မှန်းချက်ဖြင့် ကိုလိုနီနယ်တစ်ခုကို ဝင်ရောက်သိမ်းပိုက်ရန် အာရုံစိုက်ထား သည်။

**လွတ်လပ်ရေး၊ ခေတ်သစ်အရှေ့တောင်အာရှ နိုင်ငံပေါ်ထွန်းခြင်း**

ထိုအချိန်မှစ၍ ယခုကာလအထိ အပြည်ပြည်ဆိုင်ရာနယ်နိမိတ်များ အနည်းငယ်ပြောင်းလည်းခဲ့သည်။ အရှေ့တောင်အာရှတွင်ကြီးထွားခဲ့သော အမျိုးသားရေး လှုပ်ရှားမှုများက ၎င်းနယ်နိမိတ်များကို အဓိကအားဖြင့်လက်ခံခဲ့သည်။

ဒုတိယကမ္ဘာစစ် နောက်ပိုင်းကာလကို ပြန်လည်မှမ်းမံထားသော ကိုလိုနီအုပ်ချုပ်မှုအား ဆန့်ကျင်တော်လှန်ခြင်းအဖြစ် မှတ်သားရမည်ဖြစ်ပြီး၊ အချို့ကိစ္စရပ်များတွင် နယ်မြေထိန်းချုပ်လိုသောကြောင့် မတူညီသောအုပ်စုများကြား တွန်းလှန်ပုန်ကန်ကြသည်။

၁၉၅၀ ခုနှစ် နောက်ပိုင်းတွင် အရှေ့တောင်အာရှတစ်ခုလုံးလောက်နီးနီး လွတ်လပ်သောနိုင်ငံများ ဖြစ်လာကြသည်။

- ❖ ဖိလစ်ပိုင်နိုင်ငံသည် အမေရိကန်ပြည်ထောင်စုထံမှ လွတ်လပ်ရေးရသည်။
- ❖ မြန်မာနိုင်ငံသည် ဗြိတိန်နိုင်ငံထံမှ ၁၉၄၈ ခုနှစ်၊
- ❖ နောက်တစ်နှစ် (၁၉၄၉ –ခုနှစ်) တွင် အင်ဒိုနီရှားနိုင်ငံသည် ဒတ်ချ် နိုင်ငံထံမှ၎င်း၊
- ❖ ပြင်သစ်နိုင်ငံသည် အင်ဒိုချိုင်းနားမှ ၁၉၅၄ ခုတွင်ဆုတ်ခွာပြီး၊
- ❖ ဗြိတိသျှတို့သည် မလေးရှားမှ ၁၉၅၇ ခုနှစ်တွင်ဆုတ်ခွာသည်။

**နိုင်ငံတည်ထောင်ခြင်း**

**သဟဇာတဖြစ်ခြင်းနှင့် ပေါင်းစည်းခြင်း**

အစိုးရမှ ကွဲပြားသော လူထုအဖွဲ့အစည်းများကို ၎င်း၏နယ်နမိတ်အတွင်း ထိန်းချုပ်ရန်အားထုတ်ရာတွင် မတူညီမှုများ ပပျောက်ရန် (သို့) နည်းနိုင်သမျှနည်းအောင် ကြိုးစားနိုင်သည်။ သို့ မဟုတ်၄င်းမှ ကွဲပြားခြားနားချက်များကို လက်ခံပြီး ချီးမွမ်းမှုများပင် ပြုလုပ်ပေးနိုင်သည်။

လွတ်လပ်ခါစနိုင်ငံအတွင်းမှ လူထုအားလုံးတို့ သည် မိမိတို့ ကိုယ်ကို နိုင်ငံတစ်ခုဟု တွေးတောလာကြပေမည်။ နိုင်ငံ၏ နယ်နိမိတ်အတွင်း ၎င်းတို့ သည် လွတ်လပ်သော အမျိုးသားနိုင်ငံ ဖြစ်လိမ့်မည်။ ဤသည်ကို တစ်ခါတစ်ရံ နိုင်ငံတည်ဆောက်ခြင်းဟု ရည်ညွှန်းပြောဆိုကြသည်။

**ယဉ်ကျေးမှု သဟဇာတဖြစ်ခြင်း**

တစ်ခါတစ်ရံစိုးမိုးအုပ်ချုပ်သော လူမျိုးစုလူထုအဖွဲ့အစည်း၏ ယဉ်ကျေးမှုကို လက်ခံကျင့်သုံးစေရန် ရည်ရွယ်၍ ပြည်သူများကို ပြန်လည်ပညာပေးခြင်းများ ပြုလုပ်သည်။ ဤသည်ကို **ယဉ်ကျေးမှုသဟဇာတဖြစ်ခြင်း** ဟုခေါ်သည်။

## ယဉ်ကျေးမှု ပေါင်းစည်းခြင်း

တစ်ခါတစ်ရံကွဲပြားခြားနားသော ယဉ်ကျေးမှုများကို ပေါင်းစည်း၍ အမျိုးသားယဉ်ကျေးမှု အသစ်တစ်ခုအဖြစ် ဖန်တီးရန် ကြိုးပမ်းသည်။ ဤသည်ကို **ယဉ်ကျေးမှုပေါင်းစည်းခြင်း** ဟုခေါ်သည်။

အရှေ့တောင်အာရှမှ နိုင်ငံအမျိုးမျိုးတို့သည် အချိန်ကာလများကွဲပြား၍၎င်း၊ သို့မဟုတ်အချို့သောပေါင်းစည်းခြင်းဖြင့်၎င်း၊ ဤချဉ်းကပ်မှုနည်းလမ်း နှစ်ခုစလုံးကိုကျင့်သုံးခဲ့သည်။

## အကျဉ်းချုပ်

ဤအခန်းတွင်ကျွန်ုပ်တို့ သည် နှောင်းခေတ်အရှေ့ တောင်အာရှမှ ဘုရင့်နိုင်ငံများအကြောင်း၊ တန်ခိုးအာဏာ ပိုမိုကြီးမားသောဘုရင့်နိုင်ငံနှင့် အားနည်းသောဘုရင့်နိုင်ငံများအကြား ဆက်ဆံရေးအကြောင်းဖော် ပြခဲ့သည်။

အိမ်နီးနားချင်း ပိုမိုအားကောင်းသော ဘုရင့်နိုင်ငံများအကြား တစ်ခါတစ်ရံ တောင်ပေါ်လူမျိုးစုဒေသများသည် လွတ်လပ်ရေး များစွာရရှိခြင်း သို့ မဟုတ် အသုံးဝင်သောကြားခံနယ် ဖြစ်ခြင်းအကြောင်းတို့ ကိုကျွန်ုပ်တို့ မှတ်သားခဲ့သည်။

အရှေ့ တောင်အာရှဒေသတွင် ကိုလိုနီဝါဒပေါ်ပေါက်လာခြင်းနှင့် အမျိုးသားရေးဝါဒ ကြီးထွားလာပုံကို ဆွေးနွေးခဲ့သည်။ နောက်ဆုံးတွင် လွတ်လပ်ရေးနောက်ပိုင်းကာလ နိုင်ငံတည်ထောင်ခြင်းအကြောင်းကို ဆွေးနွေးခဲ့သည်။

# အခန်း ( ၄ )

# ကိုလိုနီစနစ်နောက်ပိုင်းကာလနှင့်ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်

## ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်

၁၈ ရာစုတွင် စက်မှုလက်မှုလုပ်ငန်းပေါ်ပေါက်လာသောအခါ၊ တော်လှန်ရေးလှုပ်ရှားမှုများလည်း ရှေ့သို့လှမ်းတက်ခဲ့သည်။

- အင်ပါယာနိုင်ငံအတွင်းနေထိုင်သော လူမျိုးစုအမျိုးသား အသီးသီးတို့၏ အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှုများဖြစ် ပေါ်ခဲ့သည်။ ၎င်းတို့သည် တိုင်းတပါးအုပ်စိုးမှုကို တော်လှန်ဆန့်ကျင်ပြီး ကိုယ်ပိုင်နိုင်ငံများတောင်းဆိုကြသည်။

- ခိုင်မာတောင့်တင်းသော အမျိုးသား နိုင်ငံထူထောင်နိုင်ရန် လူမျိုးစု လူထုအဖွဲ့အစည်း အသီးသီးစည်းလုံးမှုကို ရည်မှန်း၍ အမျိုးသားရေးဝါဒီများ သွေးစည်းညီညွတ်သော လှုပ်ရှားမှုများပေါ်ပေါက်ခဲ့သည်။

- ပြည်သူတစ်ရပ်လုံးမှ ဒီမိုကရက်တစ် အခွင့်အရေးများ တိုးတက်ရရှိစေရန် ရည်မှန်း၍ ဒီမိုကရက်လှုပ်ရှားမှုများလည်းပေါ်ပေါက်ခဲ့သည်။ ဆိုရှယ်လစ်နှင့်ကွန်မြူနစ်လှုပ်ရှားမှုများက အလုပ်သမားလူတန်းစားများအတွက် စီးပွားရေး၊ လူမှုရေး နှင့် နိုင်ငံရေး တရားမျှတမှုများရရှိရန်ရည်ရွယ်သည်။

ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခြေခံသဘောတရားကို အမေရိကန်သမ္မတ၊ ဝုဒရောဝီလ်ဆင်က ဆန္ဒပြင်းပြစွာဖြင့် ပြည်သူများကို တင်ပြသည်။ ၁၉၃၀ ခုလွန်နှစ်များအတွင်း ဂျာမန်ခေါင်းဆောင် အဒေါ့ဖ်ဟစ်တလာမှ ထိုအခွင့်ကို အသုံးပြုသဖြင့်၊ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် သဘောတရားမှာလည်း နာမည်ဆိုးအဖြစ်သို့ကျရောက်ခဲ့ရသည်။

***ပြည်သူများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်*** ဆိုသောအယူအဆမှာ ကမ္ဘာ့ကုလသမဂ္ဂ၏ အခြေခံကျသော သဘောတရားများ ဖြစ်သည်။ (ကုလသမဂ္ဂ၏ စာချုပ်အပိုဒ် ၁ နှင့် ၅၅) အများနှင့်သက်ဆိုင်သော ဤပထမအပိုဒ်က ရှင်းလင်းစွာဖော်ပြ ထားသည်မှာ –

> ပြည်သူများအားလုံးတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသည်။ ထိုအခွင့်အရေးကိုအကြောင်းပြု၍ သူတို့သည် ၎င်းတို့၏ နိုင်ငံရေးအဆင့်အတန်းကို လွတ်လပ်စွာဆုံးဖြတ်၍ ၎င်း၏စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုတိုးတက်မှုများကို လွတ်လပ်စွာလုပ်ဆောင်နိုင်သည်။

## ကမ္ဘာ့ကုလသမဂ္ဂနှင့်ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်

ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၏ အခြေခံသဘောတရားကို ကမ္ဘာ့ကုလသမဂ္ဂတွင် ပထမဦးဆုံးစတင်ဆွေးနွေးသောအခါ၊ လူအမျိုးမျိုးထံမှ အကြောင်းပြချက်အမျိုးမျိုးဖြင့် ထောက်ခံမှုရရှိခဲ့သည်ဟု ထင်မြင်ယူဆရသည်။

အချို့လူများက ထောက်ခံရာတွင် အရပ်ရပ်ရှိပြည်သူသည် ဒီမိုကရက်တစ်အခွင့်အရေးရရှိသင့်သည် ဆိုသော အဓိပ္ပါယ်ကိုဆောင်သည်။ အခြားသူများကထောက်ခံခြင်းမှာ ကိုလိုနီအုပ်စိုးမှုအောက်မှပြည်သူများသည် လွတ်လပ်ရေး ရပိုင်ခွင့်ရှိကြောင်း ၎င်းတို့မှ ယူဆသောကြောင့်ဖြစ်သည်။

၁၉၅၀ နှင့် ၁၉၆၀ ခုလွန်နှစ်များတွင် ကမ္ဘာ့ကုလသမဂ္ဂမှ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ကိုလိုနီနယ်များအား နိုင်ငံရေး လွတ်လပ်ခွင့်ပေးခြင်းနှင့်ပတ်သက်သော တရားဝင်အခြေခံမှုအဖြစ်ခံယူခဲ့သည်။

ကိုယ်ပိုင်ပြဋ္ဌာန်းချက်အခွင့်အရေးရရှိရန် လျှောက်ထားရာတွင် ကမ္ဘာ့ကုလသမဂ္ဂမှ စိစစ်၍ ရွေးချယ်သည်။ ထိုအခွင့် အရေးအား အသိအမှတ်ပြုထားသော ကိုလိုနီနယ်ပယ်များမှ ပြည်သူများကိုသာပေးအပ်၍၊ လွတ်လပ်သော နိုင်ငံအတွင်း ရှိပြည်သူများမပါဝင်ပေ။

## လူမျိုးစုလူထုအဖွဲ့ အစည်းအခွင့်အရေးကို ' လူနည်းစုများ ' ဟုသတ်မှတ်ခြင်း

လူ့ အခွင့်အရေးကော်မရှင်ကို မူလအာဏာလွှဲအပ်ထားသော ကမ္ဘာ့ကုလသမဂ္ဂ၏ စီးပွားရေးနှင့်လူမှုရေးကောင်စီမှ သီးခြားကော်မရှင်ခွဲများ တည်ထောင်ပြီး အောက်ပါလုပ်ငန်းများကို ကိုင်တွယ်ဖြေရှင်းသည်။

- လူလူချင်း ခွဲခြားဆက်ဆံခြင်း
- လူနည်းစုတိုင်းရင်းသားများကို ကာကွယ်ခြင်း

လူနည်းစုတိုင်းရင်းသားများအား ၎င်းတို့၏ကိုယ်ပိုင်ယဉ်ကျေးမှုကို ကျင့်သုံးရန် **ခွင့်ပြု**ပေးရုံမျှဖြင့်မလုံလောက်ပါ။ ထိုကိစ္စဖြစ်နိုင်ကြောင်း နိုင်ငံတော်ကအာမခံရမည် ဆိုသည့်အချက်အား အကျိုးသင့်အကြောင်းသင့် ဆိုထား သည်။

၁၉၉၂ ခုနှစ်တွင် ကုလသမဂ္ဂမှ ၎င်း၏လူနည်းစုတိုင်းရင်းသားများ၏ အခွင့်အရေးကြေငြာစာတမ်းတွင် ဤအမြင်ကို နောက်ဆုံး၌လက်ခံခဲ့သည်။

ကိုယ်ပိုင်ပြဋ္ဌာန်းချက်အခွင့်အရေးနှင့်ပတ်သက်၍ နိုင်ငံတကာဆိုင်ရာ လူထုအဖွဲ့အစည်း၏ တကယ့်လက်တွေ့ လုပ်ငန်း၌ အခြားအချက် (၂)ချက်ကိုမှတ်သားသင့်သည်။

၁။ နိုင်ငံတကာလူထုအဖွဲ့အစည်းမှ နိုင်ငံများသို့ မပွင့်လင်းသောတုံ့ပြန်ချက်မှာ ခွဲထွက်သည့် ကိစ္စရပ်ဖြစ်သည်။

၂။ ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးနှင့်ပတ်သက်၍ ကမ္ဘာ့ကုလသမဂ္ဂတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကိုဆက်လက် ဆွေးနွေးခြင်း။

## ခွဲထွက်သောနိုင်ငံများ

ကမ္ဘာ့ကုလသမဂ္ဂသည် လူမျိုးစုကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးအတွက် လှုပ်ရှားသော အရေးပါသည့် အကြမ်းဖက်မှု (၂)ခု တွင်ပါဝင်ပတ်သက်ရန်ငြင်းဆိုခဲ့သည်။ ၎င်းတို့မှာ–

- ၁၉၆၇ ခုနှစ်၊ ဘီယာဖရာနိုင်ငံသည် နိုင်ဂျီးရီးယားနိုင်ငံမှ မအောင်မြင်သောခွဲထွက်ရန်ကြိုးပမ်းမှု။
- ၁၉၇၀ ခုနှစ်၊ ဘင်္ဂလားဒေ့ရှ်သည် ပါကစ္စတန်နိုင်ငံမှ အောင်မြင်စွာခွဲထွက်မှု။

ပထမကိစ္စတွင် ဘီယာဖရာနိုင်ငံသည် အခြားနိုင်ငံများထံမှအကူအညီ မရရှိနိုင်သဖြင့် ၁၉၇၀ ခုနှစ်တွင် ထိုရပ်တည် ချက်ကို စွန့်လွှတ်လိုက်ရသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် အိန္ဒိယနိုင်ငံထံမှ အထောက်အကူရရှိခဲ့သည်။

## ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ဌာနေတိုင်းရင်းသားများ

ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့်ပတ်သက်၍ အရေးပါသော ကမ္ဘာ့ကုလသမဂ္ဂ၏ ပါဝင်မှုတစ်ခုမှာ ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးကြေငြာစာတမ်း မူကြမ်းကိုရေးဆွဲခြင်းဖြစ်သည်။

၎င်းတွင်အကျိုးသက်ရောက်မှုရှိသော အဓိပ္ပါယ်ဖွင့်ဆိုချက်များပါဝင်သည်။ ဌာနေတိုင်းရင်းသားလူထု အဖွဲ့အစည်းများ၊ ပြည်သူများနှင့်အမျိုးသားများ ဆိုသည်မှာ –

- ➢ ကျူးကျော်မှုမတိုင်မီနှင့် ကိုလိုနီလူထုအဖွဲ့အစည်းမတိုင်မီက ဆက်လက်ရှိနေသော သမိုင်းဆိုင်ရာအချက်များ ၎င်းတို့၏နယ်မြေတွင် တိုးတက်ဖြစ်ထွန်းခြင်း၊
- ➢ အခြားလူ့အဖွဲ့ အစည်း၏ အစိတ်အပိုင်းများနှင့်မတူညီ၊ ထူးခြားကြောင်း ၎င်းတို့ကိုယ်ကိုမှတ်ယူပြီး၊ ထိုနယ်မြေများ သို့မဟုတ် ထိုနယ်မြေတစ်စိတ်တစ်ပိုင်းတွင် ယခုတိုင်နေထိုင်လျက်ရှိခြင်း၊
- ➢ ၎င်းတို့သည် စိုးမိုးခြင်းမရှိသော လူ့အဖွဲ့အစည်း အစိတ်အပိုင်းကိုတည်ဆောက်ခြင်း၊
- ➢ ၎င်းတို့၏ ဘိုးဘွားပိုင်နယ်နမိတ်နှင့် ၎င်းတို့၏လူမျိုးစုဝိသေသ ထူခြားချက်များကို ထိန်းသိမ်း၍ တိုးတက်စေရန် ဆုံးဖြတ်ပြီး အနာဂတ်မျိုးဆက်များထံသို့ လက်ဆင့်ကမ်းခြင်း၊

ဌာနေတိုင်ရင်းသားများသည် လူမျိုးနွယ်စုများနှင့် မည်သို့ကွာခြားသနည်း၊ လူမျိုးနွယ်စုဆိုသည့် ယူဆချက်ကို အဓိက အားဖြင့် အပိုင်း (၄)ပိုင်းခွဲ၍ တွေ့မြင်နိုင်သည်။

၁။ ထိုလူအုပ်စုသည် နိုင်ငံအုပ်စိုးသော လူထုအဖွဲ့အစည်း ထက်ဦးရေနည်းပါးခြင်း၊

၂။ ယဉ်ကျေးမှုကွဲပြားခြားနားခြင်း။

၃။ သီးခြားနေလိုသောဆန္ဒရှိခြင်း၊

၄။ လူမှုရေးပေါင်းစည်းညီညွတ်ခြင်း၊

ဌာနေတိုင်းရင်သားများကို **ထူးခြားသောလူမျိုးနွယ်စု** ဟုတွေးဆနိုင်သည်၊ အဘယ်ကြောင့်ဆိုသော် ၎င်းတို့၏ဘိုးဘွားပိုင်မြေကို စွဲလမ်းခင်တွယ်ခြင်းကြောင့်ဖြစ်သည်။ သို့သော် ၎င်းတို့ကို လူမျိုးနွယ်စုများဟု ရည်ညွှန်းခေါ်ဆိုခြင်းကိုမူ ငြင်းပယ်သည်၊ အဘယ်ကြောင့်ဆိုသော် ၎င်းတို့မှ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို တောင်းဆိုခြင်းကြောင့်ဖြစ်သည်။

## အကျဉ်းချုပ်

ဤအခန်းတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အတွေးခေါ်သမိုင်းကိုကြည့်ရှုခဲ့သည်၊ အထူးသဖြင့် ကုလသမဂ္ဂမှ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အတွေးအခေါ်အား အဓိပ္ပါယ်ဖေါ်သောနည်းလမ်းကို တွေ့မြင်ခဲ့သည်။

လူမျိုးနွယ်စုများကို ကာကွယ်ရန် ကုလသမဂ္ဂမှ ချဉ်းကပ်ပုံကိုလည်း ကြည့်ရှုခဲ့သည်။ ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးကြေငြာစာတမ်း မူကြမ်းရေးဆွဲရာ၌ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အတွေးအခေါ်ကို ကုလသမဂ္ဂမှဆက်လက်ပြီး ဆွေးနွေး ထားသည်။

《《《《《《 ♦ 》》》》》》

# အခန်း ( ၅ )

## တပြည်ထောင်စနစ်နှင့်ဖယ်ဒရယ်နိုင်ငံများ

### ဗဟိုချုပ်ကိုင်မှုစနစ်ရှိသော အစိုးရနှင့် ဗဟိုချုပ်ကိုင်မှုစနစ်မရှိသောအစိုးရ

တိုင်းပြည်တစ်ခု၏ အစိုးရဆိုသည်မှာ၊ အများအားဖြင့် ဗဟိုအစိုးရ (သို့မဟုတ်) အမျိုးသားအစိုးရကို ရည်ညွှန်းလေ့ရှိသည်။ တိုင်းပြည်အများစုတွင် တိုင်း (သို့မဟုတ်) ပြည်နယ်အစိုးရနှင့် မြို့ပြအစိုးရများ ဟူ၍ရှိကြသည်။

ဤအချက်က တိုင်းပြည်အများစုသည်၊ ဤမတူညီသော အစိုးရအဆင့်အသီးသီးတို့ကြား ဆက်ဆံမှုပြဿနာရပ်များ အဆင့်တစ်ခုစီတွင် ဩဇာအာဏာမည်မျှ ထားရှိရမည် စသည်တို့ ကိုဖြေရှင်းရသည်။

- အကယ်၍ နိုင်ငံရေးစနစ်သည် **ဗဟိုချုပ်ကိုင်မှု**ဖြစ်ပါက၊ ဗဟိုအစိုးရမှ အာဏာကိုချုပ်ကိုင်ထားမည်။
- အာဏာအမြောက်အများကို တိုင်း(သို့မဟုတ်)ပြည်နယ်အစိုးရ(အဆင့်နိမ့်အစိုးရအဖွဲ့)မှ ချုပ်ကိုင်ထားသော တိုင်းပြည်ကို **ဗဟိုချုပ်ကိုင်မှုမရှိသော** စနစ်ဟု ခေါ်ဆိုနိုင်သည်။

**တပြည်ထောင်စနစ်အစိုးရ**

ခေတ်မီနိုင်ငံအများအပြားတွင် (အရေးပါသော အချို့ချွင်းချက်များဖြင့်) တပြည်ထောင်စနစ်ကျင့်သုံးသော အစိုးရအဖွဲ့ရှိကြသည်။ ဤအချက်သည် နိုင်ငံအချုပ်အခြာအာဏာကို ဗဟိုအစိုးရက သီးခြားချုပ်ကိုင်ထားကြောင်း အဓိပ္ပါယ်ရသည်။ ဗဟိုအစိုးရက နိုင်ငံတော်ကို ထိန်းချုပ်သည်။

**ဖက်ဒရယ်စနစ်အစိုးရ**

ဖက်ဒရယ် အစိုးရတစ်ခုသည် လွတ်လပ်၍ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေထားရှိသော နိုင်ငံဖြစ်ပြီး ဖက်ဒရယ်အဆင့်နှင့် နိုင်ငံတော်အဆင့်၊ အစိုးရအဆင့် (၂) ခုကို အသိအမှတ်ပြုသောအစိုးရစနစ်ဖြစ်သည်။

ဗဟိုချုပ်ကိုင်မှု ပြင်းပြင်းထန်ထန်မရှိသော တစ်ပြည်ထောင်စနစ်သည် ဖက်ဒရယ်စနစ်ကဲ့သို့ ဆင်တူသည်။

သို့သော် ဖက်ဒရယ်စနစ်၏ အာဏာခွဲဝေရေးသည် ဗဟိုချုပ်ကိုင်မှုမရှိသော တစ်ပြည်ထောင်စနစ်နှင့် ကွဲပြားသည်။

- ★ တစ်ပြည်ထောင်စနစ်တွင် အောက်အဆင့် အစိုးရအဖွဲ့များကို ဗဟိုအစိုးရက အာဏာပေးအပ်ထားသည်။ သို့သော် စနစ်ကို ပုံစံဖေါ်ထားပြီး ဗဟိုအစိုးရက ချုပ်ကိုင်ထားသည်။
- ★ ဖက်ဒရယ်စနစ်တွင်၊ ပြည်နယ်အဖွဲ့ဝင်များက ဖက်ဒရယ်အစိုးရထံသို့ အာဏာလွှဲအပ်ထားရန် သဘောတူညီသည်။

## ဖက်ဒရယ်ဖွဲ့ စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ

ဖက်ဒရယ် ပြည်ထောင်စုသစ် (သို့မဟုတ်) ဗဟိုအစိုးရ၏အာဏာနှင့် ပြည်နယ်အစိုးရတို့၏အာဏာကို ပြည်ထောင်စုသစ်အခြေခံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင်ရှင်းလင်းစွာဖေါ်ပြထားသည်။

ဤအခြေခံဥပဒေကို ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များက ပူပေါင်းရေးဆွဲထားသည်။ ဖက်ဒရယ်ပြည်ထောင်စုစနစ်သည် အများအားဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနည်းလမ်းဖြင့် ဗဟိုနှင့်အောက်အဆင့် အစိုးရတို့အကြားလုံခြုံစိတ်ချမှုရှိစေရန် အာဏာကိုခွဲဝေထားခြင်းဖြစ်သည်။

## ဖက်ဒရယ်ပြည်ထောင်စု ပြည်နယ်များတွင် ဗဟိုချုပ်ကိုင်မှုမရှိခြင်း

ဖက်ဒရယ်ပြည်ထောင်စုစနစ်အတွင်း၌ ဗဟိုနှင့်ပြည်နယ်အစိုးရများဟူ၍ အသီးသီးရှိသည်။ ဤသို့သောစနစ်တွင်၊ ပြည်နယ်အစိုးရများဟူ၍ အသီးသီးရှိသည်။ ပြည်နယ်များသည် ဗဟိုချုပ်ကိုင်သော (သို့မဟုတ်) ဗဟိုချုပ်ကိုင်မှုမရှိ သောစနစ်ကိုကျင့်သုံးနိုင်သည်။

အောက်အဆင့်အစိုးရ၏ အာဏာအနည်းအများကို ဆုံးဖြတ်ရန် အများအားဖြင့် ၎င်းတို့သည် ဗဟိုအစိုးရထက် ပိုမိုသြဇာရှိသည်။

## အကျဉ်းချုပ်

ဤအခန်းတွင် တစ်ပြည်ထောင်စနစ်နှင့် ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံရေးစနစ်အတွင်း ဗဟိုချုပ်ကိုင်မှုရှိခြင်းနှင့် ဗဟိုချုပ်ကိုင်မှု မရှိခြင်းအကြောင်းကို ချိန်ထိုးကြည့်ရှုခဲ့သည်။

<<<<<<< ♦ >>>>>>

# အခန်း ( ၆ )

## ဒီမိုကရေစီနှင့်လူထုအဖွဲ့ အစည်း

### လူထုအဖွဲ့ အစည်းနှင့် အမျိုးသားနိုင်ငံ

ပို၍ကြီးမားသောလူထုအဖွဲ့အစည်းအတွင်းရှိ လူထုအဖွဲ့အစည်းများအားလုံးသည် မျှတစွာကိုယ်စားပြုကြောင်း အာမခံချက်ရရှိစေရန် ကြိုးစားအားထုတ်နိုင်သည်။

ကျွန်ုပ်တို့ခရိုင်တွင် ၆၀% သောလူများသည် လယ်သမားများဖြစ်ပါက၊ ခရိုင်အစည်းအဝေးတက်ရောက်သော ကိုယ်စားလှယ် ၆၀% မှာလယ်သမားများဖြစ်သင့်သည် ဟုဆိုနိုင်ပါသည်။ သို့သော် လယ်သမားနှင့် အိုးထိန်းသည် များရှိသော ခရိုင်တစ်ခုကို စဉ်းစားကြည့်ပါ။ ၎င်းတွင် မြို့နယ်အများအပြားခွဲခြားထားသည်။

အကယ်၍ မြို့နယ်တစ်ခုစီမှ ကိုယ်စားလှယ် တစ်ဦးကျရွေးချယ်ခွင့်ပြုလျှင်၊ အိုးထိန်းသည်များသည် မြို့နယ်တိုင်းတွင် လူနည်းစုဖြစ်သည်။ ထိုသို့ဆိုလျှင် ဖြစ်နိုင်သောအကျိုးဆက်မှာ <u>ခရိုင်အစည်းအဝေးတွင် အိုးထိန်းသည်များအတွက် ကိုယ်စားလှယ် လုံးဝမရှိတော့ပေ။</u>

အကယ်၍အခြားတဖက်တွင်၊ အားလုံးသော အိုးထိန်းသည်တို့သည် တစ်မြို့နယ် (သို့မဟုတ်) နှစ်မြို့ထဲတွင်သာ နေထိုင်ကြသည် ဟုဆိုခဲ့လျှင်၊ သူတို့ သည် အနည်းဆုံး ထိုမြို့ နယ်များမှ ကိုယ်စားလှယ်များကို ရွေးချယ်ရလိမ့်မည်။ <u>အိုးထိန်းသည်များသည် ခရိုင်အစည်းအဝေးတွင် အမြဲတမ်းလူနည်းစုဖြစ်ပေလိမ့်မည်။</u>



## လူများစု၏ဆုံးဖြတ်ချက်၊ လူနည်းစုတို့ အမြင်မှာအဘယ်နည်း၊

အစည်းအဝေးကြီးတစ်ရပ်၌ ဆုံးဖြတ်ချက်ချမှတ်ရာတွင် အလွယ်ကူဆုံးသောစည်းမျဉ်းမှာ လူများစုတို့ အနိုင်ရရှိခြင်းပင်ဖြစ်သည်။ လူနည်းစုများက မည်သို့ဖြစ်မည်နည်း၊ မည်သူကမဲရှုံးသွားသနည်း။

များသောအားဖြင့် အဖြေမှာ၊ လူများအားလုံးမှ

★ စည်းရုံးရန်အခွင့်အရေးနှင့်

★ လွတ်လပ်စွာပြောဆိုရန်အခွင့်အရေးရရှိသမျှကာလပတ်လုံး၊

အခြားဆုံးဖြတ်ချက်တစ်ခု ရရှိလာသောအခါ သူတို့သည်အနိုင်ရရှိသော လူများစုအဖြစ် အခွင့်အလမ်းရပေမည်။ တနည်းအားဖြင့်ပြောရလျှင် လူတိုင်းမှဒီမိုကရက်တစ်အခွင့်အရေး ရရှိသမျှကာလပတ်လုံး၊ တစ်သီးပုဂ္ဂလခပ်များများ တို့သည်၊ တစ်ခါတစ်ရံအနိုင်မဲရသော အများစုတွင်ပါဝင်ပြီး၊ တစ်ခါတစ်ရံမဲရှုံးသော လူနည်းစုတွင်ပါဝင်သည်။

## အမြဲတမ်းဖြစ်သော လူနည်းစုများ

လယ်သမားနှင့်အိုးထိန်းသည်များရှိသော အထက်ပါခရိုင်၏ အခြေအနေကို စဉ်းစားသုံးသပ်ပါ။ အိုးထိန်းသည်များသည် ကိုယ်စားလှယ်လည်းမရှိ ၎င်းတို့၏ ကိုယ်စားလှယ်မှာလည်း အစည်းအဝေးတွင် လူနည်းစုဖြစ်သည်။ <u>ဖြစ်နိုင်ခြေတစ်ခုမှာ အိုးထိန်းသည်များသည်၊ လူနည်းစုအမြဲတမ်းဖြစ်ပြီး၊ မည်သည့်အခါမျှအနိုင်ရမည် မဟုတ်ဟု ၎င်းတို့ကိုယ်ကို ထင်မှတ်ခံစားကြလိမ့်မည်။</u>

ထို့ကြောင့်လူများစုက ဒီမိုကရေစီဖြင့်အုပ်ချုပ်လာသောအခါ၊ လူနည်းစုတို့၏ အခွင့်အရေးကို မည်သို့ကာကွယ်ရမည်ဆိုသည့်အချက်ကို စဉ်းစားရန်အရေးကြီးပါသည်။

တစ်နည်းပြောရလျှင် မြို့နယ်တစ်ခုသည် ကိုယ်ပိုင်အုပ်ချုပ်ရေးရရှိသင့်သည်။ ဆိုလိုသည်မှာ ၎င်းတို့၏ ကိုယ်ပိုင်ဒေသအရေးများကို ထိန်းသိမ်းစောင့်ရှောက်ရန်ဖြစ်သည်။ ထို့ကြောင့် ခရိုင်အစည်းအဝေးတွင် သူတို့သည် အမြဲတမ်းမဲရှုံးလင့်ကစား၊ အနည်းဆုံး ၎င်းတို့၏ ကိုယ်ပိုင် **အတွင်းရေး** ကိစ္စကို ၎င်းတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုနှင့်အညီ ဆုံးဖြတ်ချက်ချနိုင်သည်။

## လူနည်းစုများအတွင်းမှ လူနည်းစုများ

မည်သို့ပင်ဆိုစေ ပြဿနာရပ်သည် ထိုနေရာတွင်မပြီးဆုံးသေးပေ။

★ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရသော အိုးထိန်းသည်မြို့နယ်တစ်ခုတွင်၊ အချို့လယ်သမားများ မုချနေထိုင်ကြလိမ့်မည်။

★ ၎င်းတို့သည် ဤမြို့နယ်တွင်လူနည်းစုဖြစ်ပြီး၊ မဲအရေအတွက်အားဖြင့် အမြဲရှုံးနေလိမ့်မည်။

★ စနစ်တစ်ခုကိုဖန်တီးပြီး အစွမ်းကုန်လက်တွေ့ လုပ်ဆောင်မှသာ၊ လူထုက၎င်းစနစ်သည် အားလုံးအတွက် **သာတူညီမျှသောစနစ်** ဖြစ်ကြောင်း ယုံကြည်ကြမည်။

★ ဒီမိုကရေစီသည် လူနည်းစုများကို အလိုအလျောက် သာတူညီမျှ လုပ်ဆောင်ပေးမည်မဟုတ်။

လူနည်းစုများကလည်း ထိုစနစ်သာတူညီမျှရှိကြောင်း မှတ်ယူခံစားတတ်အောင်၊ မည်သို့အာမခံချက် ရရှိနိုင်ရန် အထူးစဉ်းစားရပေမည်။

ဒေသဆိုင်ရာနှင့် မြို့ပြကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးထား၍ ဗဟိုချုပ်ကိုင်မှု မထားရှိခြင်းသည်၊ သာတူညီမျှမှုစနစ်ကို ဖန်တီးပေးသည့်နည်းလမ်းတစ်ခုဖြစ်သည်။ တစ်ခုသောအရပ်ဒေသတွင် အဓိကထား၍ အတူတကွနေထိုင်ခြင်းအားဖြင့် အကျိုးဖြစ်ထွန်းမှုရှိသည်။

ပို့ကဲ့နေသောလူနည်းစုများ၏ ပြဿနာကိုကား ဤစနစ်ကဖြေရှင်းပေးမည်မဟုတ်ပါ။ ဖြစ်နိုင်ခြေအချို့ရှိပါသေးသည်။

- ဒေသဆိုင်ရာနှင့်မြို့ပြအဆင့်တို့တွင် ၎င်းတို့သည်အမြဲတမ်း လူနည်းစုအစည်းအဝေး ကိုယ်စားလှယ် ဖြစ်နေသေးသည်။။
- အမျိုးသားအဆင့်တွင်ကား ၎င်းတို့သည် ကိုယ်စားလှယ် လုံးဝမဟုတ်တော့ပေ။

ထို့ကြောင့် ဗဟိုချုပ်ကိုင်မှုမရှိသော စနစ်တွင်ပင်လျှင်၊ လူနည်းစုတို့၏ အခွင့်ရေးအကျိုးစီးပွားကို ကာကွယ်ရန် အထူး စီမံဆောင်ရွက်ချက်များကိုပြုလုပ်ရသည်။

## လူထုအဖွဲ့ အစည်း စီမံခန့် ခွဲမှု

ပိုမိုကျယ်ပြန့်သော နိုင်ငံရေးအခြေအနေအတွင်း လူထုအဖွဲ့အစည်း စီမံခန့်ခွဲမှုများ အမြဲပေါ်ပေါက်လေ့ရှိသည်။

- တိုင်းပြည်တစ်ခုလုံးနှင့် မြို့ပြလူထုအဖွဲ့ အစည်းတို့ ၏ ဆုံးဖြတ်ချက်ချမှတ်သောစနစ်။
- ကိုယ်ပိုင်စီမံခန့်ခွဲမှုနှင့် ဆုံးဖြတ်ချက်မူရှိသော ရံပုံငွေအဖွဲ့အစည်း။

လူထုအဖွဲ့အစည်း အစီအစဉ်များသည် မတူညီသောနိုင်ငံရေးပတ်ဝန်းကျင်များတွင် စီမံလုပ်ဆောင်ကြရသည်။

လူထုအဖွဲ့အစည်းခေါင်းဆောင်များသည် များသောအားဖြင့် ၎င်းတို့လုပ်ကိုင်နေသော လူထုအဖွဲ့အစည်း၏ သဘော သဘာဝအတွင်း လုပ်ကိုင်နေကြရသည်။

ထို့ကြောင့် ၎င်းတို့ အနေအထားမှာ –

- လူထုအဖွဲ့အစည်း၏ ကွဲပြားခြားနားမှုကို သေချာစွာနားလည်ရန်
- ပိုမို ကြီးမားသော လူထုအဖွဲ့အစည်းအတွင်းမှ မတူညီသော လူထုအဖွဲ့အစည်းများ၏ လိုအပ်ချက်ကိုသိရှိရမည်။
- အစီအစဉ်သည် ဩဇာညောင်းသူများ (သို့မဟုတ်) အုပ်ချုပ်သောအဖွဲ့များအပေါ် မဟုတ်ဘဲ အမှန် လိုအပ်ချက် များအပေါ်တွင် ကြိုးစားအားထုတ် လုပ်ဆောင်ရမည်။ ၎င်းပြင် –
- အစီအစဉ်၏ ကုန်ကျစရိတ်များနှင့် ရလဒ်များကို မျှတစွာခွဲဝေပေးရန်လိုသည်။

## အကျဉ်းချုပ်

ဤအခန်းတွင် ဒီမိုကရေစီနှင့် တခါတရံ ၎င်းလမ်းကြောင်းက အများစု ဆုံးဖြတ်ချက်ချမှတ်ရာတွင် အမြဲတမ်း လူနည်းစု ဖြစ်ပေါ်နိုင်သည်ကို ဆွေးနွေးခဲ့ကြသည်။

ကျွန်ုပ်တို့မှ လူထုအဖွဲ့အစည်းခေါင်းဆောင်များကို သတိချပ်စေလိုသည်မှာ ၎င်းတို့သည် ၎င်းတို့၏ လူထုအဖွဲ့ အစည်းအတွင်းရှိ လူထုအဖွဲ့အစည်းများအားလုံး၏ လိုအပ်ချက်ကို နားလည်သိရှိလိုသော ဆန္ဒအမြဲရှိရမည်။ ၎င်း နောက် လူထုအဖွဲ့အစည်းများအားလုံးက တရားမျှတသောစနစ်ဖြစ်ကြောင်း မှတ်ယူခံစားတတ်အောင် လက်တွေ့ လုပ်ဆောင် ပေးရမည်။